**အမေရိကန် တရားဥပဒေရေးရာဌာန**
**ပြည်သူ့ ရပိုင်ခွင့်ဌာန**

**အမေရိကန် ပညာရေးဌာန**
**ပြည်သူ့ ရပိုင်ခွင့်ရုံး**

**အိမ်ဖြူတော်၏ ပဏာမခြေလှမ်း**
**အာရှအမေရိကန်နှင့် ပစိဖစ်ကျွန်းသားများ**

## AANHPI နှင့် MASSA ကျောင်းသားများအား ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေး

အမေရိကန်တရားဥပဒေရေးရာဌာန၏ ပြည်သူ့ ရပိုင်ခွင့်ဌာနနှင့် အမေရိကန် ပညာရေးဌာနရှိ ပြည်သူ့ ရပိုင်ခွင့်ရုံးတို့ သည် ဖက်ဒရယ်ပြည်သူ့ အခွင့် အရေး ဥပဒေများကို အများပြည်သူနှင့် ဖက်ဒရယ်မှထောက်ပံ့သည့် ကျောင်းများ၏ ပညာရေးနှင့် သက်ဆိုင်သောအဆင့်တိုင်းအတွက် ခိုင်မာတည်တံ့စေသည်။ ဤဥပဒေများသည် အာရှအမေရိကန်၊ ဟာဝိုင် ဒေသခံ၊ ပစိဖိတ်ကျွန်းသား (AANHPI) နှင့် မူဆလင်၊အာရပ်၊ဆစ်ခ်နှင့် အရှေ့တောင်အာရှကျောင်းသားများ (MASSA)တို့ကို လူမျိုး၊ အသားအရောင်၊မူရင်းနိုင်ငံသား(ဘာသာစကားနှင့်လူမျိုးစုလက္ခဏာများအပါအဝင်) ကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းမှ အကာအကွယ်ပေးသည်။ CRT ဘာသာရေးအရခွဲခြားဆက်ဆံမှုမှ ပြည်သူပိုင်ကျောင်းများတွင် သည် ဥပဒေအရတားမြစ်ရန် အာဏာတည်စေသည်။ ကျောင်းများတွင် လူမျိုး၊ အသားရောင်၊ မူရင်းနိုင်ငံသား (သို့ မဟုတ်) ဘာသာရေးကိုအခြေခံ၍ အနိုင်ကျင့်ခြင်း (သို့ မဟုတ်) အနောက်အယှက် ပေးခြင်းအပါအဝင် ခွဲခြားဆက်ဆံခြင်းအတွက်တိုင်ကြားချက်များကို ချက်ချင်းနှင့်သင့်တော်သော ဆောင်ရွက်ချက်များတုန့် ပြန်ရမည်။ အောက်ပါတို့ သည် CRT (သို့ မဟုတ်) OCR မှအတည်ပြုထားသော ဥပဒေများကို ချိုးဖောက်နိုင်သည့် ကျောင်းတာဝန်ရှိသူတို့ ၏ ဆောင်ရွက်ချက် နမူနာများ (သို့ မဟုတ်) အရေးယူရန်ပျက်ကွက်သော အမှုကိစ္စတချို့ ဖြစ်သည်။

- ကိုရီးယားအမေရိကန်ကျောင်းသူတဦးမှ သူမ၏ အာရှ သမိုင်းကျောင်း စာအုပ်ကို ကိုရီးယားကျောင်းသားများ အုပ်စုတစုမှ ကြိမ်ဖန်တလဲလဲ ခိုးယူကြပြီး သူမသည် အင်္ဂလိပ်စကားတမျိုးတည်းသာပြောသည့်အတွက် ကိုရီးယားအစစ်မဟုတ်ကြောင်းပြောသည်ဟု သူမ၏ ကျောင်းအုပ်ကြီးထံ ပြောပြသည်။ သူမကို စိတ်အနှောက် အယှက်ပေးနေသောကျောင်းသားများသည်လဲ ကိုရီးယား လူမျိုးများဖြစ်ကြောင်း၊ သူငယ်ချင်းများ အကြားနားလည်မှု လွဲခြင်း သာဖြစ်နိုင်ကြောင်း ကျောင်းအုပ်ကြီးမှ သူမကိုပြောပြပြီး ဆောင်ရွက်ချက်တစုံတရာမလုပ်ပါ။

- ဆစ်ခ်ကျောင်းသားတဦးသည် ကျောင်းတွင်သူ၏ ဖောင်းထုပ်ကို ပေါင်းထားသည်။ ဒေသတွင်းတွင် မူဆလင်များကို ဦးတည်သည့်အကြမ်းဖက်မှုများ လတ်တလောရှိနေသည့် အတွက် အန္တရာယ်ကင်းစေရန် ဖောင်းထုပ်ကို ဖြုတ်ထားရန် လိုအပ်ကြောင်း ကျောင်းသားကို ဆရာမှပြောသည်။ သူသည် ဆစ်ခ်ဘာသာဝင်ဖြစ်ကြောင်း ကျောင်းသားမှ ဆရာကို အကြောင်းကြားသည်။ သူ၏ဖောင်းထုပ်ကို ဖြုတ်ရန် ငြင်းပယ်သောအခါ ကျောင်းမှဆိုင်းငံ့ခံရသည်။

- 9/11 သင်ခန်းစာအတွင်း မူဆလင်အလယ်တန်း ကျောင်းသားကို သူ၏ အတန်းဖော်များမှ အကြမ်းဖက် သမားဟုခေါ်ပြီး သူ့ နိုင်ငံကို ပြန်သွားရန် ပြောကြသည်။ မူဆလင်အချို့ သာလျှင် အကြမ်းဖက်သမားများ ဖြစ်ကြောင်း ဆရာမှ အတန်းသားများကိုပြောပြပြီး 9/11 အကြမ်းဖက်တိုက်ခိုက်မှုအတွက် အဘယ်ကြောင့် မူဆလင်များမှ ရှုတ်ချခြင်းမလုပ် သနည်းဟု ကျောင်းသား အား ဆရာမှ မေးသည်။ သူ့ ဆရာနှင့် သူ၏အတန်းဖော်များ၏ ဖော်ပြချက်များကို ကျောင်းတာဝန် ရှိသူထံ ကျောင်းသားမှ တိုင်ကြားသည်။ သို့ သော် ကျောင်းတာဝန်ရှိသူမှ တချက်တလေမှ မတုန့် ပြန်ပါ။
- အထက်တန်းကျောင်းတခုသည် အင်္ဂလိပ်စာသင်ယူ သူဝန်ဆောင်မှုများကို စပိန်ဘာသာစကားပြောသည့် အင်္ဂလိပ်စာသင်ယူသူကျောင်းသားများအတွက်သာ စီစဉ် ပေးသည်။ ထို အင်္ဂလိပ်စာသင်ယူသူ ဝန်ဆောင်မှုများကို ပန်ဂျာပီစကားပြော ကျောင်းသားများက သူတို့ ၏ တဆင့် မြင့်နေရာအတန်းများအတွက် အထောက်အကူဖြစ်စေရန် မေးမြန်းသောအခါ အင်္ဂလိပ်စာသင်ယူသူ ဝန်ဆောင် မှုများ နှင့်တဆင့်မြင့်နေရာအတန်းများ ၂ ခုလုံးကို မရနိုင်ကြောင်း ကျောင်းသားများကို ကျောင်းအုပ်ကြီးမှ ပြောသည်။

**[OCR-00093-BUR]**

- တရုတ်နိုင်ငံမှ ကျောင်းသားတဦးသည် ကျောင်း၏ စည်းမျဉ်းစည်းကမ်းများ ကို ချိုးဖောက်ခြင်းကြောင့် ကျောင်းမှထွက်ရန်ဒဏ်ပေးခံရသည်။ ထိုသို့ ဒဏ်ပေး ခံရခြင်းနှင့်စပ်လျဥ်း၍ ဆွေးနွေးရန် လက်ထောက် ကျောင်းအုပ်နှင့် မတွေ့ ဆုံမီ ကျောင်းသားမိဘက စကားပြန်တစ်ဦးတောင်း ဆိုသော်လည်း ကျောင်းအုပ်ချုပ် ရေးမှူးများက တယောက်မှ စီစဥ်ပေးခြင်း မရှိပါ။ အစည်းအဝေးသို့ မိဘများရောက်လာချိန်တွင် စကားပြန်တယောက်မှမပါဘဲ လက်ထောက် ကျောင်းအုပ်သည် အစည်းအဝေးကို ဆက်လက် လုပ်ဆောင် သည်။
- အာရှကျောင်းသားများအုပ်စုတစုသည် အပတ်စဥ် ကျန်းမာရေးလေ့ကျင့်မှု အတန်းတွင် အခြားသော ကျောင်းသားများမှ အာရှများသည် သင်္ချာတွင်သာ ကောင်းရန်လိုအပ်ပြီး ဘက်စကတ်ဘောအတွက် မဟုတ်ကြောင်း မခံသာအောင်ပြောကြသည်။ ဆရာ့ထံတိုင်ကြားသောအခါ ထိုအခြားကျောင်းသားများကို မသိကျိုးကျွံ ပြုပြီး ကျန်းမာရေးလေ့ကျင့်မှုအတန်းတွင်သာ ပိုကောင်းရန်အာရုံစိုက်ခြင်း အားဖြင့် တုန့် ပြန်ရန် သူတို့ အားဆရာမှပြောသည်။

**ကျောင်းများတွင် ခွဲခြားဆက်ဆံခံရမှုများပေါ်ပေါက်ပါက မည်သူမဆို အချက်အလက်များနှင့် ဆက်သွယ်ခြင်းအားဖြင့် တိုင်ကြားချက်ဖွင့်နိုင်သည်။**


အမေရိကန် တရားဥပဒေရေးရာဌာန၊ ပြည်သူ့ ရပိုင်ခွင့်ဌာန
ပညာရေးဆိုင်ရာ အခွင့်အလမ်းများဌာနခွဲ
အီးမေး။ education@usdoj.gov
တယ်လီဖုန်း ၂၀၂ -၅၁၄-၄၀၉၂ (သို့ မဟုတ်) ၈၇၇-၂၉၂-၃၈၀၄
စာရိုက်ဆက်သွယ်ရေးစနစ် ၈၀၀-၅၁၄-၀၃၈၃

အမေရိကန် ပညာရေးဌာန၊ ပြည်သူ့ ရပိုင်ခွင့်ရုံး
အီးမေး။ ocr@ed.gov
တယ်လီဖုန်း ၂၀၂-၄၅၃-၆၁၀၀(သို့ မဟုတ်) ၈၀၀-၄၂၁-၃၄၈၁
အကြားအာရုံချို့ ယွင်းသူများအတွက်ဆက်သွယ်ရေးစက်နံပါတ် ၈၀၀-၈၇၇-၈၃၃၉
ဘာသာစကားအကူအညီ -800-USA-LEARN (၈၀၀-၈၇၂-၅၃၂၇)


**OCR သည် အများပြည်သူအတွက် နည်းပညာဆိုင်ရာအကူအညီများလဲပေးပြီး OCR မှ အတည်ပြုထားသော ဥပဒေများ၏အောက်တွင် မိဘများနှင့် ကျောင်းသားများ၏အခွင့်အရေးများ နှင့် ကျောင်း၏တာဝန်များ နှင့်ဆက်စပ်သောစုံစမ်းမေးမြန်းချက်များကို တုန့် ပြန်ပါလိမ့်မည်။**

**CRT နှင့် OCR မှအတည်ပြုထားသော ဥပဒေများ၏အကြောင်း (မသန်စွမ်းမှုနှင့် လိင်အခြေခံသည့် ခွဲခြားဆက်ဆံမှုများကို တားမြစ်ချက်များ အပါအဝင် (လိင်အထောက်အထားနှင့် သမားရိုးကျ အစဥ်အလာမလိုက် သော လိင်အပါအဝင်) သိလိုလျှင် ကျွန်ုပ်တို့ ထံ လာလည်ပါ။**

**www.justice.gov/crt/educational-opportunities-section နှင့် www.ed.gov/ocr**